# စောင့်ဆိုင်းခြင်း၊ ရှုတ်ချခြင်းတို့ဖြင့် လူမဆန်သော စစ်ဘေးနှင့် အရပ်သားပြည်သူ ကာကွယ်ရေးအပေါ် ဖြေရှင်းနိုင်ဖွယ်မရှိ

## ဖြစ်ရပ်အချက်အလက်

ပြီးခဲ့တဲ့လပိုင်းအတွင်း ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းတွေမှာ လေကြောင်းထိုးစစ်အပါအဝင် စစ်ကောင်စီရဲ့ တိုက်ခိုက်မှုတွေကြောင့် အရပ်သား သေဆုံးမှုက စံချိန်တင် ဖြစ်ခဲ့ပါတယ်။ မြန်မာပြည်သူတွေ လောင်မီးကျနေချိန်မှာပဲ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် မြန်မာနိုင်ငံကိုလာခဲ့ပြီး လူသားချင်းစာနာမှု အထောက်အကူပေးရေး လုပ်ဆောင်မယ်လို့ ပြောခဲ့ပါတယ်။

## ကနဦးသုံးသပ်ချက်

အာဏာသိမ်းပြီး ၁၁ လ ကျော်လာချိန်မှာ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေရဲ့ ခုခံတွန်းလှန်စစ်ကို တုံ့ပြန်ဖို့ စစ်ကောင်စီတပ်တွေဟာ ပိုပြင်းထန်ပြီး အင်အားမမျှတဲ့ စစ်ရေးဆိုင်ရာ နည်းလမ်းတွေကို သုံးလာခဲ့ပါတယ်။ ပြီးခဲ့တဲ့ တလအတွင်း ကယားပြည်နယ်မှာ စစ်ကောင်စီတပ်တွေရဲ့ လက်ချက်ကြောင့် လူ ၃၅ ဦးခန့် မီးရှို့သတ်ဖြတ်ခံခဲ့ရသလို၊ ချင်းပြည်နယ်မှာလည်း အသက် ၁၃ နှစ်အရွယ် ကလေးတဦး အပါအဝင် ၁၃ ဦး သတ်ဖြတ်ခံရတဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အနည်းဆုံး အရပ်သား ၂၅ ဦး ထက်မနည်း သေဆုံးခဲ့ပါတယ်။ တခါ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်း တို့မှာ တလအတွင်း စစ်ပြေးဒုက္ခသည် ၃၃,၀၄၇ ဦးထက်မနည်း တိုးလာပါတယ်။

ISPONPOINT

ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

အခုလို လောင်မီးကျနေချိန်မှာ အရပ်သားတွေအပေါ် အကာအကွယ်ပေးရေးနဲ့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးနိုင်ရေး (Humanitarian Access) ကိစ္စတွေက အဓိကကျလာပါတယ်။ ဒါက အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ထဲမှာပါဝင်တဲ့ အချက်တခု ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်က မြန်မာနိုင်ငံကိုလာခဲ့တဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်းတို့ရဲ့ ခရီးစဉ်အပြီး သတင်းထုတ်ပြန်မှုမှာ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု ထောက်ပံ့အကူအညီပေးရေးကို အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပေါင်းစပ်ညှိနှိုင်းရေးစင်တာ (AHA Center)၊ ကြက်ခြေနီအဖွဲ့နဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အပြင် တခြားအဖွဲ့အစည်းတွေကတဆင့် ပေးသွားမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းပိုင်းနဲ့ တရားဝင်မှုဆိုင်ရာ ကိစ္စတွေကြောင့် နှောင့်နှေးမယ့်သဘောရှိပါတယ်။

မြန်မာနိုင်ငံမှာ အရပ်သားပြည်သူတွေ လောင်မီးကျပြီး အကာအကွယ်မဲ့နေကြတဲ့အပေါ် စောင့်ကြည့်၊ စောင့်ဆိုင်းနေရုံ၊ ရှုတ်ချအပြစ်တင်နေရုံနဲ့ အလုပ်မဖြစ်တော့ပါဘူး။ အခုဖြစ်နေတဲ့ အခြေအနေအပေါ် နိုင်ငံရေးပြဿနာများကို ကိုင်တွယ်သလို အချိန်စောင့်ဆိုင်းပြီး ဖြေရှင်းတာမျိုး၊ ပါဝင်ဘက်အသီးသီးရဲ့ လက်ခံသဘောတူညီမှုကို တဖြည်းဖြည်း စောင့်ဆိုင်းပြီး ဖြေရှင်းတာမျိုး လုပ်လို့မရပါဘူး။ အရှည်သဖြင့် ဖြေရှင်းရမယ့် အရာတွေအတွက် အဓိကပါဝင်ဘက်တွေရဲ့သဘောတူညီမှုလိုပေမဲ့ သဘောတူညီမှု မရနိုင်သေးဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အရပ်သားပြည်သူတွေအပေါ် အကာအကွယ်ပေးရေးနဲ့ လူသားချင်းစာနာမှု အထောက်အကူပေးရေးကိစ္စတွေက စောင့်ဆိုင်းနေလို့ မရတော့ပါဘူး။ အရပ်သားကာကွယ်ရေးနဲ့ လူသားချင်းစာနာမှု အကူအညီပေးရေးအတွက် အဓိကအကျဆုံးဟာ ရင်ဝလုံ့စူး ဦးထိပ်မီးလောင်ဆိုသလို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်မှု (Sense of Urgency) ဖြစ်ပါတယ်။ ဒီလို အရေးတကြီးလုပ်နိုင်မှသာ အရပ်သားကာကွယ်ရေး လုပ်ငန်းစဉ်တွေအတွက် အရေးပါတဲ့ ဘေးအန္တရာယ်လျှော့ချရေး (Threat Reduction) နဲ့ ထိခိုက်နစ်နာလွယ်မှုအခြေအနေများကို လျှော့ချရေး (Vulnerability Reduction) ကိစ္စရပ်တွေကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်မှာပါ။

အရပ်သားပြည်သူတွေ လောင်မီးကျနေချိန်မှာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အခြားဆက်စပ်တဲ့ အထောက်အကူပြု အဖွဲ့တွေက အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်မှု မလုပ်ခဲ့ရင် ဒီထက်ပိုကြီးမား ကျယ်ပြန့်လာမယ့် လူသားချင်းစာနာမှု အကျပ်အတည်းကို ရင်ဆိုင်ရနိုင်ပါတယ်။ ဒီအကျပ်အတည်းဟာ ကိုဗစ်ကပ်ဘေးကြောင့်လည်း တပူပေါ် အပူအဆင့်ဆင့် ထပ်တိုးပြီး အိမ်နီးချင်းနိုင်ငံတွေကိုပါ ဆိုးကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ မြန်မာ့အရေးဟာ ကမ္ဘာ့နိုင်ငံကြီးတွေအတွက် မဟာဗျူဟာတန်ဖိုး သိပ်ပြီးမကြီးမားလို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် ကိုင်တွယ်ရခက်ခဲလို့ စတဲ့ အကြောင်းပြချက်တွေနဲ့ ဒေသတွင်းနိုင်ငံတွေအကြား၊ နိုင်ငံတကာ အဖွဲ့အစည်းတွေအကြား ဘော်လီဘောပုတ် ဖြေရှင်းလို့ မရတော့ပါဘူး။

ကမ္ဘာ့ဒီးယားက ကြွေးကြော်နေတဲ့ မြန်မာ့အရေး ချဉ်းကပ်မှု အသစ်ဆိုတာနဲ့တော့ အာဆီယံဟာ ဒီအရေးကို ဦးစီးဦးဆောင် လုပ်နိုင်ဖွယ်မမြင်ပါဘူး။ ဒါကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အထူးအစည်းအဝေးကျင်းပပြီး ချက်ချင်းဆိုသလို ကိုင်တွယ်ဆောင်ရွက်ဖို့ အထူးလိုအပ်နေပြီလို့ သုံးသပ်ရပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်၊ အိန္ဒိယတို့အနေနဲ့ လူသားချင်းစာနာမှုဘေးကို တားဆီးနိုင်ရေး အရပ်သားတွေကို ပစ်မှတ်မထားဖို့၊ လေကြောင်းတိုက်ခိုက်မှုတွေမလုပ်ဖို့ စစ်ကောင်စီကို ဖိအားပေးတာ၊ စာနာမှုအကူအညီတွေ လိုအပ်နေတဲ့ ပြည်သူတွေလက်ထဲ ရောက်ရှိရေး အထူးအရေးပေါ် အစီအမံစနစ် (Ad-hoc mechanism and support system) တွေ ဆောင်ရွက်တာကို အမြန်ဆုံး လုပ်ဖို့လိုအပ်ပါလိမ့်မယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

မြန်မာနိုင်ငံမှာ အရပ်သားပြည်သူတွေအပေါ် အကာအကွယ်ပေးရေးနဲ့ လူသားချင်းစာနာမှု အထောက်အကူပေးရေး အရေးပေါ်အခြေအနေ ရောက်နေပေမဲ့ နိုင်ငံတကာ တုံ့ပြန်မှု ချက်ချင်းလက်ငင်းရဖို့ ဖြစ်နိုင်ခြေ နည်းနေပါသေးတယ်။ အာဆီယံ ဘုံသဘောတူညီချက်ငါးရပ် အကောင်အထည်ဖော်ဖို့ ဆိုတာကလည်း အာဆီယံနဲ့ ဆက်စပ်အစည်းအဝေးတွေ တက်ခွင့်ရဖို့ ဝင်ခွင့်လက်မှတ်သဘောအဖြစ်သာ စစ်ကောင်စီက ယူဆနေပါလိမ့်မယ်။ တခါ ဒီပြဿနာတွေထဲ ပါဝင်နေတဲ့ ဘက်အသီးသီးကလည်း စစ်ရေးနဲ့ နိုင်ငံရေး အသာစီးရရေးကိုပဲ ဦးစားပေးဖွယ် ရှိပါတယ်။ စစ်ရေးနဲ့ နိုင်ငံရေးမှာ အနိုင်ရရှိတာနဲ့ ပြဿနာတွေအားလုံး ကျွဲကူးရေပါဆိုသလို ပြေလည်ပြီး လွယ်လွယ်ကူကူ ဖြေရှင်းနိုင်လိမ့်မယ်လို့ ရှုမြင်ထားပုံရပါတယ်။ မြန်မာလူထုအနေနဲ့ စစ်ဘေးနဲ့ အခြားသော ကပ်ဘေးဒုက္ခတွေကို ပိုတိုးပြီး ခံစားရဖွယ်ရှိနေတာကို ဘက်အသီးသီးက သတိပြုသင့်ပါတယ်။

### ၁၀ လကျော်အတွင်း အရပ်သား ၁,၇၀၀ ကျော်ထက်မနည်း သေဆုံးခဲ့




အာဏာသိမ်းပြီးနောက်ပိုင်း ဆယ်လကျော်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့်လည်းကောင်း၊ တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်မှုများကြောင့်လည်းကောင်း အရပ်သားသေဆုံးမှု **၁,၇၂၈ ဦး**ထက်မနည်း ရှိခဲ့သည်။ စစ်ကောင်စီ ထုတ်ပြန်သော စာရင်းများ၌ ၎င်းတို့ဘက်မှ သတ်ဖြတ်ခံရသူများထဲတွင် အရပ်သား **၁,၀၀၀ ထက် မနည်း** ပါရှိသည့်အတွက် စာရင်းနှစ်ရပ် ပေါင်းမည်ဆိုပါက အရပ်သားသေဆုံးမှု အနည်းဆုံး **၂,၇၀၀ ကျော်** ရှိမည် ဖြစ်သည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။ စစ်ကောင်စီ ကိန်းဂဏန်းများနှင့်ပတ်သက်၍ သီးခြားအတည်ပြုချက် မရှိပါ။

## တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှု စံချိန်တင်

ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်များနှင့်
စစ်ကောင်စီ တပ်များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၁
ခုနှစ် ဒီဇင်ဘာလတွင် အများဆုံးဖြစ်ခဲ့ပြီး အရပ်သား
သေဆုံးမှုလည်း စံချိန်တင်ခဲ့သည်။ ဒီဇင်ဘာ တလတည်းမှာပင်
တိုက်ပွဲဖြစ်မှု အကြိမ် ၁၂၀ ထက်မနည်း ရှိခဲ့ပြီး၊
အရပ်သားသေဆုံးမှု ၁၁၉ ဦး ထက်မနည်း ရှိခဲ့သည်။




၂၀၂၁ ခုနှစ် ဧပြီမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်များ (PDF/LDF/CDF နှင့် KNDF စသည်ဖြင့်) နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲ ဖြစ်ပွားမှု **၅၃၇ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ အဆိုပါတိုက်ပွဲများအတွင်း နှစ်ဖက်တပ်ဖွဲ့ဝင်များ မဟုတ်သည့် အရပ်သားသေဆုံးမှုမှာ **၂၆၉ ဦးထက်မနည်း** ရှိခဲ့ပါသည်။ တိုက်ပွဲဖြစ်ပွားမှုနှင့် အရပ်သားသေဆုံးမှုသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စံချိန်တင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ကယားပြည်နယ်တွင် စစ်ကောင်စီတပ်များ၏ လက်ချက်ကြောင့် **လူ ၃၅ ဦး**ခန့် မီးရှို့ သတ်ဖြတ်ခံခဲ့ရသည့်နည်းတူ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှုများကြောင့် **အရပ်သား ၂၅ ဦး**ထက်မနည်း သေဆုံးခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ပထမပတ်ကလည်း ချင်းပြည်နယ်တွင် **အသက် ၁၃ နှစ်အရွယ် ကလေးတဦးအပါအဝင် အရပ်သား ၁၃ ဦး** သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့ပါသည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင် အခြေအနေတွင် ယခုထက်ပိုများနိုင်ပါသည်။

* ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ စာရင်းဖြစ်ပါသည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။ စစ်ကောင်စီ ကိန်းဂဏန်းများနှင့်ပတ်သက်၍ သီးခြားအတည်ပြုချက် မရှိပါ။